# အကြောင်းအရာ

မြန်မာနိုင်ငံသည် ယခုလောလောဆယ်တွင် စစ်အာဏာရှင်စနစ်မှ ဒီမိုကရေစီအစိုးရစနစ်သို့ကူးပြောင်းခြင်း၊ ဗဟိုဦးစီးချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းခြင်း၊ နယ်စပ်ဒေသများတွင် နှစ်ပေါင်း ၆၀ ကြာ ပဋိပက္ခဖြစ်နေရာမှ ငြိမ်းချမ်းရေးရရှိရေးစသည့် အသွင်ကူးပြောင်းမှုသုံးမျိုးပေါ်တွင်ရောက်ရှိနေသည်။ ထိုအသွင်ကူးပြောင်းမှုများက မြန်မာနိုင်ငံကိုအာရှတွင် စီးပွားရေးအရှိန်အဟုန် အကောင်းဆုံး နိုင်ငံများ အနက် တစ်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိစေရန်နှင့် မြန်မာပြည်သူများအတွက် အခွင့်အလမ်းကောင်းများနှင့် သာတူ ညီမျှ ကြွယ်ဝမှုများ ဖော်ဆောင်ပေးရန် အလားအလာရှိနေသည်။

အရှေ့တောင်အာရှဒေသတွင် အကြီးဆုံးနိုင်ငံအဖြစ်မြန်မာနိုင်ငံသည် ဒေသတွင်း၌ လူဦးရေ သိပ်သည်းမှု အနည်းဆုံးဖြစ်ကာ မြေဆီသြဇာကြွယ်ဝပြီး ထုတ်ယူသုံးစွဲရခြင်းမရှိသေးသည့် စိုက်ပျိုးရေး အလားအလာ ကောင်းများနှင့် ကြွယ်ဝသည့် သယံဇာတများစွာရှိနေပါသည်။ ကမ္ဘာ့စီးပွားရေး အရှိန်အဟုန် အကောင်းဆုံးနှစ်နိုင်ငံဖြစ်သော တရုတ်နှင့်အိန္ဒိယ၂ နိုင်ငံကြား တွင်တည်ရှိနေသည့် ပထဝီဝင်ဆိုင်ရာအနေအထားက ဒေသဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး ဗဟိုချက်နှင့် ဓာတ်သတ္တု၊ သဘာဝဓာတ်ငွေ့နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အဓိက ပံ့ပိုးပေးသူ အဖြစ် ၎င်း၏ နဂိုအခန်းကဏ္ဍကို ပြန်လည်ရရှိရန် အခြေအနေကောင်းဖြစ်သည်။

၂၀၁၀ခုနှစ်က စပြီး အစိုးရသည် စီးပွားရေးနိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို စတင်လုပ်ဆောင်ခဲ့သည်။ အစိုးရသည် စီးပွားရေးပျက်ယွင်းနေမှုများကို ဖယ်ရှားရန်အတွက် နိုင်ငံခြားသုံး ငွေကြေးကို ဈေးကွက်ပေါက်ဈေးအတိုင်း လဲလှယ်ခွင့်ပြုခြင်း၊ ပုဂ္ဂလိက ဝင်ငွေခွန်ကောက်ခံမှု ထိရောက်စေရေးနှင့် စားသုံးသူ အကောက်ခွန် နှုန်းထား လျှော့ချရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းသစ်များ ချမှတ်ပေးခြင်း၊ ဆက်သွယ် ရေးကဏ္ဍအားလွတ်လပ်ခွင့်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ လှုံ့ဆော် ပေးရန်ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲမှုများလုပ်ပေးခြင်း၊ ဘဏ္ဍာရေး ကဏ္ဍ ပြန်လည် သုံးသပ်ခြင်း၊ ဘဏ္ဍာငွေရရှိမှု တိုးမြှင့်ပေးခြင်းနှင့် အလုပ်အကိုင်ဖန်တီးပေးသည့် ပတ်ဝန်းကျင် တစ်ခု ဖန်တီးပေးခြင်း ကဲ့သို့သော ပြုပြင်ပြောင်းလဲမှု များစွာ ကို စတင်လုပ်ဆောင်ပေးခဲ့သည်။

ဤပြုပြင်ပြောင်းလဲမှုများက စတင် အောင်မြင်မှုရနေပြီ ဖြစ်သည်။ ၂၀၁၂/၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေး ၇.၃% တိုးတက်လာခဲ့သည်။ ထိုသို့ တိုးတက်လာခြင်း၏အဓိက အကြောင်းရင်းမှာ ဓာတ်ငွေ့ထုတ်လုပ်မှု၊ ဝန်ဆောင်မှု လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းနှင့် ကုန်ပစ္စည်းတင်ပို့မှု ခိုင်မာလာခြင်းတို့ကြောင့်ဖြစ်သည်။ ဓာတ်ငွေ့ထုတ်လုပ်မှု ဆက်လက်တိုးတက်နေမှု၊ တိုးတက်နေသည့် ကုန်သွယ်ရေးနှင့် စိုက်ပျိုးရေး ကဏ္ဍတွင် ခိုင်မာသည့် ဆောင်ရွက်ချက်များကြောင့် ၂၀၁၃/၂၀၁၄ခုနှစ်တွင် စီးပွားရေး ၇.၅% တိုးတက်ရန် ရှိနေပြီး ကာလလယ် သက်တမ်းတွင် ၇.၈%သို့ မြင့်တက်ရန် ရှိနေသည်။

စီးပွားရေး စွမ်းဆောင်ချက်များတွင် လတ်တလော အပြုသဘောဆောင်သည့် ရလဒ်များရှိနေသော်လည်း မြန်မာနိုင်ငံ သည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ၂၀၁၀ခုနှစ် အမျိုးသား အိမ်ထောင်စု စစ်တမ်းကောက်ယူမှုအရ မြန်မာနိုင်ငံသည် ၂၀၁၂/၂၀၁၃ ခုနှစ်တွင် တစ်ဦးချင်း ပြည်တွင်း အသားတင် ထုတ်လုပ်မှုပမာဏ (၈၆၈) ဒေါ်လာဖြင့် အရှေ့အာရှနှင့် ပစိဖိတ် ဒေသတွင်းအဆင်းရဲဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်နေသည်။ ၂၀၁၂/၂၀၁၃ခုနှစ်တွင် နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုမှာ ဒေါ်လာ(၅၅)ဘီလီယံရှိသည်ဟု ခန့်မှန်းထားသည်။

တစ်ချိန်က ကမ္ဘာတွင် ထိပ်ဆုံး၌ရှိခဲ့သည့်မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှု သည် ယခုအခါကမ္ဘာ့ဈေးကွက်ရှယ်ယာ၏ မပြောပ လောက်သည့် ပမာဏသာ ရှိတော့သည်။ သဘာဝဓာတ်ငွေ့နှင့် ကျောက်မျက်ရတနာများ ကဲ့သို့သော မြန်မာနိုင်ငံ၏ သဘာဝ အရင်းအမြစ်များ တင်ပို့မှုမှာ သိသာစွာတိုးတက်ခဲ့သည်။

မြန်မာနိုင်ငံ၏ လူမှုရေးဆိုင်ရာ အညွှန်းကိန်းအများစုမှာ အလွန်နိမ့်ကျနေသည်။ ဥပမာအားဖြင့်အသက်၅နှစ်အောက် ကလေးငယ်များ၏ ၃၂%သည် အာဟာရချို့တဲ့မှုခံစားနေရသည်။ အခြေခံအဆောက်အအုံများ ပြည့်စုံ လုံလောက်မှု မရှိခြင်းတို့က အခြေခံ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများပေးသည့်လုပ်ငန်းများနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး အတွက် အဓိက အဟန့်အတားများဖြစ်နေသည်။ မုတ်သုံရာသီကာလအတွင်း လမ်းများ၏ ထက်ဝက် နီးပါးလောက်မှာ သွားလာရ ခက်ခဲနေ သည်။

ဆက်သွယ်ရေးနှင့် အင်တာနက်များမှာလည်း အကန့်အသတ်နှင့်သာအသုံးပြုနိုင်သေးသည်။ နိုင်ငံလူဦးရေ၏ ၇၃% နီးပါးမှာ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိခြင်းမရှိဘဲ လျှပ်စစ်ဓာတ်အား သုံးစွဲမှုတွင် ကမ္ဘာ့ပျမ်းမျှနှုန်းထက် အဆ ၂၀ လျော့နည်း ပြီး ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုအနိမ့်ဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်နေသည်။ လက်ရှိ ရှိနေသော လျှပ်စစ်ဓာတ်အားဆိုင်ရာ အခြေခံအဆောက်အအုံများမှာလည်း လက်ရှိ လိုအပ်သည့်ပမာဏ၏ ထက်ဝက် လောက်ကိုသာ ဖြည့်ဆည်းပေးနိုင်သည့်အတွက် မကြာခဏ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများနှင့် အလှည့်ကျ မီးပေးမှုများ ဖြစ်ပေါ်နေ သည်။ သောက်သုံးရေရရှိမှုမှာလည်း နေရာအတော်များများတွင် လုံလောက်မှုမရှိချေ။

**မဟာဗျူဟာ**

မြန်မာနိုင်ငံသည် ၁၉၅၂ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည် တည်ဆောက်ရေးဘဏ် (IBRD)၊ ၁၉၅၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC) နှင့် ၁၉၆၂ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်း (IDA) တို့၏ အဖွဲ့ဝင်ဖြစ်လာသည်။ ၂၀၁၃ခုနှစ် အောက်တိုဘာလ ကလည်း ကမ္ဘာ့ဘဏ်အုပ်စု၏ ဘက်စုံရင်းနှီးမြှုပ်နှံမှု အာမခံ အေဂျင်စီ(MIGA)၏ တင်းပြည့် အဖွဲ့ဝင်အဖြစ် အရေးပါသည့် ခြေလှမ်းကိုစတင်ခဲ့သည်။ နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းရေးဌာနနှင့် အတူ ထိုအဖွဲ့အစည်းလေးခုဖြင့် ကမ္ဘာ့ဘဏ်အုပ်စုကို ဖွဲ့စည်းထားသည်။

ကမ္ဘာ့ဘဏ်အုပ်စုကြီးက ၁၉၈၇ခုနှစ် အထိ မြန်မာနိုင်ငံ အတွင်း၌ စီမံကိန်း၃၅ခုအတွက် ရံပုံငွေပံ့ပိုးပေးခဲ့သည်။ ၁၉၉၈ ခုနှစ် တွင် မြန်မာအစိုးရသည် ကမ္ဘာ့ဘဏ်အုပ်စုအပေါ် ပေးရန်ကြွေးကျန်ရှိခဲ့သည်။ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်လက်ရှိ နေပြီး နှစ်ပတ်လည် အစည်းအဝေးများကို တက်ရောက်နေသည်။

၂၅နှစ်နီးပါး မြန်မာနိုင်ငံနှင့် ကင်းကွာနေပြီးနောက် ၂၀၁၂ခုနှစ်နိုဝင်ဘာလတွင် ကမ္ဘာ့ဘဏ်အုပ်စု၏ အမှုဆောင် ဒါရိုက်တာများ ဘုတ်အဖွဲ့က မြန်မာပြည်သူများ၏ လူနေမှုဘဝတိုးတက်ရေးအတွက် အစိုးရ၏ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများကို ပံ့ပိုးပေးရန် အတည်ပြုထောက်ခံချက်ပေးပြီး မြန်မာနိုင်ငံ အတွက် ကြားဖြတ် မဟာဗျူဟာ တစ်ခုကို အတည်ပြုလိုက်ချိန်တွင် မြန်မာနိုင်ငံ၌ လုပ်ငန်းပြန်လည်လုပ်ဆောင်သည့် အခြေခံလမ်းညွှန်ချက်များ ချမှတ် လုပ်ဆောင်လာခဲ့သည်။ ၂၀၁၄ခုနှစ် မတ်လအထိ မြန်မာနိုင်ငံအတွင်း ကမ္ဘာ့ဘဏ်အုပ်စု၏ လုပ်ငန်းများကို လမ်းညွှန်ပေးနေသည့် ထို မဟာဗျူဟာက အရေးကြီးသည့် အသွင်ကူးပြောင်းမှုကာလအတွင်း ပြည်သူများ အတွက် ကောင်းမွန်သည့် ဝန်ဆောင်မှုပေးရန် အဖွဲ့အစည်းများ၏ ပြုပြင်ပြောင်းလဲမှုကို အကူအညီပေးခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး အရှိန်မြှင့်ရေးအပေါ် အဓိကအလေး ထားသည်။

ထိုမဟာဗျူဟာအရ နိုင်ငံသားများအတွက် အဖွဲ့အစည်းများအား လုပ်ဆောင်ခွင့်ပြုသည့် အစိုးရ၏ အသွင်ကူးပြောင်းရေး အားထုတ်မှုများအပေါ် ကူညီထောက်ပံ့မှုပြုရန် ကမ္ဘာ့ဘဏ်အုပ်စုကြီးက အဓိက အာရုံထားသည်။ ထိုအားထုတ်မှုများ ခိုင်မာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေကို အကဲဖြတ်ခြင်းအပါအဝင် ပိုင်းခြားစိတ်ဖြာသည့်လုပ်ငန်း လုပ်ဆောင်နေပြီဖြစ်သည်။ ကျန်းမာရေး၊ ပညာရေး၊ လူမှု အကာအကွယ်ပေးရေးနှင့် ဆက်သွယ်ရေး ကဏ္ဍများနှင့် ပတ်သက်သည့် နည်းပညာ အကူအညီနှင့် မူဝါဒဆိုင်ရာ အကြံဉာဏ်ပေးမှုများလည်း လုပ်ဆောင်ပေးနေသည်။ အလားတူ ကမ္ဘာ့ဘဏ်အုပ်စုသည် ထိခိုက်မှုအနည်းဆုံးဖြင့် ရောဂါတီမြစ်၏ ဖြစ်ထွန်းမှုကို တစ်ဖက်က မြှင့်တင်ပေးရင်း ရေရှည်တည်တံ့သော မြစ်ဝှမ်း ဒေသစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး သတိရှိရှိနှင့် ရွေးချယ်ဆုံးဖြတ်မှု ပြုလုပ်နိုင်ရေးအတွက် လိုအပ်သောအဖွဲ့အစည်းများ၊ ကိရိယာများနှင့် သတင်းအချက်အလက်များ နေရာတကျ ရှိစေရန်လည်း အကူအညီပေးနေသည်။

ကမ္ဘာ့ဘဏ်အုပ်စုသည် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့်ပတ်သက်သည့် လတ်တလောအကျဆုံး စီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာချက်များကို အစိုးရ၏မူဝါဒရေးဆွဲသူများ၊ တွေးခေါ်ပညာရှင်အဖွဲ့၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီပို့ဆောင်ပေးခြင်းဖြင့် တစ်ရှိန်ထိုးပြောင်းလဲနေသည့် မြန်မာနိုင်ငံတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒနှင့်ပတ်သက်ပြီး ချင့်ချင့် ချိန်ချိန် ဆုံးဖြတ်ဆွေးနွေးနိုင်အောင် လုပ်ဆောင် ပေးလျက်ရှိသည်။ ၂၀၁၃ခုနှစ်တွင် ကမ္ဘာ့ဘဏ်အုပ်စုသည် ပထမဆုံးသော မြန်မာ့စီးပွားရေး စောင့်ကြည့်မှု အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာတွင် လတ်တလော ကျယ်ပြန့်သော အမြင်ဖြင့် စီးပွားရေးဆိုင်ရာ လေ့လာမှု ဖွံ့ဖြိုးတိုးတက်မှု၊ လတ်တလော အကောင်အထည်ဖော်ပြီး စီစဉ်ထားသည့် မူဝါဒ ပြုပြင်ပြောင်းလဲမှုများ အကြောင်း ရှာဖွေတင်ပြထားသည်။ ပြည်သူလူထုကဏ္ဍတွင် မြန်မာနိုင်ငံ၏ ပြည်သူလူထုအသုံးစရိတ်၊ ဝယ်ယူမှုနှင့် ငွေကြေးဆိုင်ရာ တာဝန်ခံမှုစနစ်များ၏ အခြေအနေကိုသိရှိနိုင်ရန် ပြည်သူ့အသုံးစရိတ်နှင့် ငွေကြေးဆိုင်ရာ တာဝန်ခံမှုအကဲဖြတ် အစီရင်ခံစာ (PEFA) ကဲ့သို့သော အမျိုးအမည် ခွဲခြားဖော်ထုတ်သည့် လုပ်ငန်းလုပ်ဆောင်ပေးသည်။

လုပ်ဆောင်နေသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှု တည်ဆောက်ရေးကို အကူအညီပေးခြင်းသည် အရေးကြီးသည့် ဦးစားပေးအရာတစ်ခုဖြစ်သည်။ ကမ္ဘာ့ဘဏ်အုပ်စုသည် လူထုဗဟိုပြုသည့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ အထူးသဖြင့် နိုင်ငံလူဦးရေ၏ အများစုနေထိုင်ရာကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ကူညီထောက်ပံ့ပေးနေသည်။ အဆုံးတွင်ကမ္ဘာ့ဘဏ်အုပ်စုသည် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူထု ဗဟိုပြု ဖွံ့ဖြိုးရေး စီမံကိန်းကို အထောက်အကူပေးနေသည်။ ထိုစီမံကိန်းက တံတားများ၊ လမ်းများ၊ ကျန်းမာရေးဆေးပေးခန်းများနှင့် စာသင်ကျောင်းများကဲ့သို့ လူထုအသိုက်အဝန်းအတွင်း အလိုအပ်ဆုံးဖြစ်သည့် အငယ်စား အခြေခံအဆောက်အအုံ စီမံကိန်းများရွေးချယ်၊ စီစဉ်၊ တည်ဆောက်ရန် ကျေးရွာသားများကို လုပ်ပိုင်ခွင့်ပေးထားသည်။ ထိုစီမံကိန်းက ၆နှစ်ကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းကျေးရွာပေါင်း ၃၀၀၀ နှင့် ပြည်သူပေါင်း ၂.၅သန်းအထိ ရရှိစေရန် ရည်ရွယ်ထားသည်။

မြန်မာနိုင်ငံနှင့် ပြန်လည် လက်တွဲလုပ်ဆောင်ချိန်ကစပြီး ကြွေးကျန်ဒေါ်လာသန်း ၈၀ကို လျှော်ပစ်ရန် (IDA) က တရားဝင် ထောက်ခံပေးခြင်းအပြင် ကမ္ဘာ့ဘဏ်အုပ်စုက အောက်ပါပုံစံမျိုးဖြင့် မြန်မာနိုင်ငံအတွက် ငွေကြေးအထောက်အပံ့များ ကူညီ ပေးခဲ့သည်။

- မြန်မာနိုင်ငံနှင့် ပြန်လည်ပတ်သက်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေး ပံ့ပိုးပေးသည့် ကြွေးမြီအဖြစ် IDA၏ အတိုးမဲ့ချေးငွေ ဒေါ်လာသန်း ၄၄၀ ထုတ်ချေးပေးကာ ကမ္ဘာ့ဘဏ်သို့ပေးရန် ကြွေးကျန်များ ရှင်းလင်းရေးလွယ်ကူ အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့သည်။ ဤသို့အားဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှု ဦးစားပေး

လုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်းပြည့် မိတ်ဖက်တစ်ဦးအဖြစ် ပြန်လည်ရောက်ရှိစေရန် လမ်းဖွင့်ပေးလိုက်သည်။ နောက်ဆုံး ထုတ်ပေးလိုက်သည့် ငွေပမာဏမှာ ဒေါ်လာ ၄၁၉.၆သန်း ဖြစ်သည်။ မြန်မာနိုင်ငံက မြီရှင်များထံပေးရန်ရှိသည့် ကြွေးမြီ များရှင်းလင်းသွားအောင် အထောက်အကူပေးသည့်အပြင် ထိုချေးငွေက အရေးတကြီး ပြုပြင် ပြောင်းလဲရန် လိုအပ်သည့်အရာများကို ပံ့ပိုးပေးနေသည်။

- မွန်ပြည်နယ်တွင် (၁၀၆) မဂ္ဂါဝပ် ဓာတ်အားရှိသည့် ခေတ်မီဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးတွင် ပံ့ပိုးကူညီ ရန်အတွက် မြန်မာ့လျှပ်စစ်ဓာတ်အားစီမံကိန်း(MEPP)သို့ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (IDA)က အတိုးမဲ့ချေးငွေဒေါ်လာသန်း ၁၄၀ ထုတ်ချေးပေးရန် ကမ္ဘာ့ဘဏ်အုပ်စု၏ဒါရိုက်တာဘုတ်အဖွဲ့က ၂၀၁၃ခုနှစ် စက်တင်ဘာလက ခွင့်ပြုပေးခဲ့သည်။ နည်းပညာသစ်ကြောင့် ထိုဓာတ်အားပေးစက်ရုံသည် တူညီသည့် သဘာ ဝဓာတ်ငွေ့ပမာဏဖြင့် လျှပ်စစ်ဓာတ်အား ၂၅၀%ပိုမိုထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ဓာတ်ငွေ့ ထုတ်လွှတ်မှု များကို လည်း လျော့ချပေးနိုင်မည်ဖြစ်သည်။
- အတိုးမဲ့ချေးငွေ ဒေါ်လာ ၃၁.၅ သန်းမှာ မိုဘိုင်းဖုန်းများကို တန်ဖိုးအနည်းဆုံးဖြင့် သုံးစွဲနိုင်ရေး လုပ်ငန်း အတွက်ဖြစ်သည်။ ၎င်းတို့ထဲတွင် အဓိက ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ ပြန်လည်သုံးသပ်ရေးနှင့် နိုင်ငံတကာရှိ အကောင်းဆုံး ကျင့်သုံးနေသည့် နည်းလမ်းများနှင့် တစ်ပြေးညီဖြစ်သည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲရေးအတွက် နည်းပညာအကူအညီပေးရေးတို့လည်း ပါဝင်သည်။
- ACLEDA MFI Myanmar Co. အတွက် IFC ၏ ဒေါ်လာ၂သန်း ရင်းနှီးမြှုပ်နှံမှုသည် အသေးစားလုပ်ငန်းများ နှင့် ပြည်သူများက ငွေကြေးထောက်ပံ့ပေးရန်တောင်းဆိုမှုကို ဖြေရှင်း ပေးရာတွင် အထောက်အကူ ပေးနေသည်။ ၂၀၁၃ ခုနှစ် အစောပိုင်းမှစတင်ကာ ချေးငွေများထုတ်ပေးနေသည့် ထိုအသေးစား ငွေကြေး ထောက်ပံ့ရေး အဖွဲ့အစည်းသစ်သည် ၂၀၂၀ ခုနှစ်တွင် အများအားဖြင့် အမျိုးသမီးများလုပ်ကိုင်နေသည့် အသေးစားနှင့် လုပ်ငန်းငယ်များမှ ပြည်သူနှစ်သိန်းကျော်ကို ချေးငွေများ ပေးအပ်သွားနိုင်ရန် ရည်မှန်းထားသည်။
- ထို့အပြင် ကမ္ဘာ့ဘဏ်အုပ်စုသည် မြန်မာနိုင်ငံနှင့်တိုးချဲ့မိတ်ဖက်ပြုရေး အစီအစဉ်တစ်ခု လုပ်ဆောင်ရန်လည်း ပြင်ဆင်နေသည်။ ထိုအစီအစဉ်တွင် အခြားအဓိကကျသော ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးအရာများကို ပံ့ပိုးပေးမှုနှင့်အတူ စွမ်းအင်၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများအတွက် ပံ့ပိုးပေးရေးတို့ပါဝင်မည်ဟု မျှော်လင့်ထားသည်။ စွမ်းအင်ကဏ္ဍအတွင်း မိတ်ဖက်လုပ်ဆောင်မှုတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး အစီအစဉ်၊ စည်းမျဉ်းပြုပြင်ပြောင်းလဲမှုများ၊ လျှပ်စစ် ဓာတ်အား ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရေးတွင် ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများနှင့် ကျေးလက်ဒေသနှင့် လျှပ်စစ် ဓာတ်အား လိုင်းမရှိသည့် နေရာများ အတွက် ပြန်လည် ပြည့်မြဲ စွမ်းအင်ပေးရေး လုပ်ငန်းများတွင် အဓိကအလေးထား ဆောင်ရွက်မည်ဖြစ်သည်။ ကျန်းမာရေးကဏ္ဍတွင် မိခင်များ၊ မွေးကင်းစကလေးငယ်များနှင့် ကလေးငယ်များ၏ကျန်းမာရေး လုပ်ငန်း များနှင့် TB, HIV/AIDS နှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများတွင် ဝင်ရောက် လုပ်ဆောင်ပေးခြင်း နှင့်အတူ ဆင်းရဲ ချမ်းသာမရွေး လူတိုင်း လက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် မြန်မာနိုင်ငံ၏ အားထုတ်မှုများကို ပံ့ပိုး ကူညီ ပေးမည်ဖြစ်သည်။

## ရလဒ်များ

၁၉၈၇ ခုနှစ်မှ ၂၀၁၁ခုနှစ်အထိတွင် ကမ္ဘာ့ဘဏ်အုပ်စုသည် တတိယ အဖွဲ့အစည်းများမှ တစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများကိုသာပံ့ပိုးပေးခဲ့ပြီး အခြား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်သည့် မိတ်ဖက်များ၏ လုပ်ငန်းများအတွက် နည်းပညာ အကူအညီများပေးခဲ့သည်။ ၂၀၁၁ခုနှစ်အထိ ရလဒ်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

၂၀၁၁ခုနှစ်တွင် အပြီးသတ်ခဲ့သည့် ကြက်ငှက်တုတ်ကွေးဆိုင်ရာ ပံ့ပိုးကူညီရေးစီမံကိန်းက တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု လုပ်ငန်းအတွင်း ကြက်ငှက်တုတ်ကွေးရောဂါကူးစက်မှုကို ကာကွယ်ပြင်ဆင်တုန့်ပြန်မှုနှင့် လူသို့ကူးစက် သည့် အန္တရာယ် လျော့ချရေးဆောင်ရွက်သည့် မြန်မာနိုင်ငံ၏စွမ်းဆောင်ရည်ကို တိုးတက်စေရန်အထောက်အကူပေးခဲ့သည်။ ၂၀၁၀ခုနှစ် ကစပြီး ကမ္ဘာ့ဘဏ်အုပ်စုသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၏ အရည်အသွေးဆိုင်ရာ စောင့်ကြည့်ရေး အတွက် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ အဖွဲ့ (LIFT)သို့ နည်းပညာ အကူအညီ ပံ့ပိုးပေးနေသည်။

၂၀၁၀ခုနှစ် မေလက မြန်မာနိုင်ငံကို နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ကမ္ဘာ့ဘဏ်အုပ်စုသည် သဘာဝ ဘေးလွန်ကာလ လိုအပ်ချက်များ အကဲဖြတ်တိုင်းတာရေးအတွက် နည်းပညာအကူအညီပေးခဲ့သည်။ ထိုအကူအညီကြောင့် နာဂစ်လွန်ကာလ ပူးတွဲအကဲဖြတ်မှု PONJA ဇူလိုင် ၂၀၀၈အစီရင်ခံစာနှင့် ၂၀၀၈ခုနှစ် နိုဝင်ဘာလ၊ ၂၀၀၉ခုနှစ် မေလနှင့် ၂၀၁၀ခုနှစ်ဧပြီလများအတွက် နာဂစ်လွန်ကာလ လူမှုရေး အကျိုးသက်ရောက်မှု စောင့်ကြည့်ရေး အစီရင်ခံစာများ ဆက်တိုက်ထွက်ပေါ်ခဲ့သည်။

မကြာမီက စတင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း စီမံကိန်း အသစ်များထံမှ ထွက်ပေါ်လာမည့် ရလဒ်များကို အနာဂတ်ကာလတွင် မြင်တွေ့နိုင်မည် ဖြစ်ပါသည်။